Message Six

## ခရစ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းခြင်းအားဖြင့် ကျွန်ုပ်တို့ထံ အသက်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။၂ကော၊၄း၄၊ ၆-၇။ ၃း၁၈။ မ၊၁၇း၂။ ဧ၅း၈-၉။ ဗျာ၂၂း၄က၊ ၅ခ။ ၂၁း၂၃

**I. "ထိုသို့ မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ ပုံသဏ္ဍာန်တော် တည်းဟူသော ခရစ်တော်၏ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်သည် အလင်းကို မပေးစေခြင်းငှာ၊ ဤခေတ်ကို အစိုးရသော ဘုရားသည် သူတို့၏ စဉ်းစားခြင်းများကို ကွယ်စေ၏" - ၂ကော၊၄း၄။**

A. ဤခေတ်၏ဘုရားဖြစ်သော စာတန်သည် မယုံကြည်သူများ၏ စဉ်းစားခြင်းများနှင့် အသိဉာဏ်များကို ကွယ်စေခဲ့သည်၊ ထိုသို့ဖြင့် ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားရောင်ခြည်သည် သူတို့၏စိတ်နှလုံးများ၌ ထွန်းလင်းနိုင်ခြင်း မရှိတော့ပေ။

1. ကွယ်စေခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းခံရသူတို့က သူတို့သည် ဘာကိုမျှ မကိုးကွယ်ကြပါဟု ထင်မှတ်ကြသည်၊ အမှန်မှာ သူတို့၏ဘုရားသည် စာတန်ဖြစ်သည်။
2. ဘုရားမဲ့ဝါဒီများသည် သူတို့ဘာလုပ်နေသည်ကို မသိလိုက်မိဘဲ စာတန်ကို ကိုးကွယ်နေကြသည်။
3. ယနေ့ လူများအားလုံးနီးပါးသည် ဤခေတ်၏ဘုရားအားဖြင့် မျက်စိကန်းစေခြင်း ခံခဲ့ရပြီဖြစ်သည်။

B. ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်သော ခရစ်တော်သည် ကိုယ်တော်၏ဘုန်းတော် ရောင်ခြည်ထွန်းလင်းခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ဧဝံဂေလိတရားသည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းသော၊ ရောင်ခြည်လွှတ်သော၊ တောက်ပသော ကိုယ်တော်၏ဘုန်းတော် ဧဝံဂေလိတရားဖြစ်သည် - ဟေဗြဲ၊၁း၃။ ၂ကော၊၄း၆။

C. ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ကောင်းချီးခံရသော ဘုရားသခင့်ဘုန်းတော်၏ ဧဝံဂေလိတရားဖြစ်သည် - ၁တိ၊၁း၁၁။

D. ခရစ်တော်၌ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ဘုရားသခင်၏ရွေးချယ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ဘုရားသခင်၏ဘုန်းတော်ကို ထွန်းလင်းတောက်ပစေကာ၊ ယင်း၌ ဘုရားသခင်သည် ကိုယ်တော်၏လူများအလယ်တွင် ကောင်းချီးခံရလေသည် - ဟေဗြဲ၊၁း၃။ ဧ၊၁း၃၊ ၆၊ ၁၂၊ ၁၄။

**II. "မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ဘုရားသခင်၏ဘုန်းတော်ကို သိသော ဉာဏ်ထွန်းလင်းစေခြင်းငှာ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏" - ၂ကော၊၄း၆။**

A. ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ဘုရားသခင်၏ထွန်းလင်းခြင်းသည် ယေရှုခရစ်တော်၏ မျက်နှာတော်ရှိ ဘုရားသခင့်ဘုန်းတော်ကို သိကျွမ်းခြင်း၏ အလင်းထွန်းလင်းခြင်းကို ထွက်ပေါ်လာစေသည်၊ ယင်းမှာ ခရစ်တော်၏ဧဝံဂေလိတရား၌ ဘုရားသခင့်ဘုန်းတော်ကို သိကျွမ်းခြင်းရှိရန် ဖြစ်စေသော အလင်းထွန်းလင်းခြင်း၌ ဖြစ်သည် - အငယ်၊၄၊ ၆။

B. ဘုရားသခင်၏ဘုန်းတော်ကို သိကျွမ်းခြင်း၏ ထွန်းလင်းခြင်းသည် ယေရှုခရစ်တော်၏ မျက်နှာ၌ ဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် မျက်နှာတော်၌ ဘုရားသခင်၏ဘုန်းတော်ကို ကျွန်ုပ်တို့မြင်ရနိုင်သော ချစ်ဖွယ်သောပုဂ္ဂိုလ်ပင် ဖြစ်ကြောင်း ညွှန်ပြနေသည် - အငယ်၊၄၊ ၆။ မ၊၁၇း၂။

C. ယေရှုခရစ်၏မျက်နှာ၌ ထင်ရှားပေါ်ထွန်းသည့် ဘုရားသခင်၏ဘုန်းတော်သည် ဘုရားသခင့်ဘုန်းတော်၏ ရောင်ခြည်ထွန်းတောက်ခြင်းဖြစ်သော ယေရှုခရစ်မှတစ်ဆင့် ထင်ရှားသည့် ဘုန်းတော်၏ဘုရားသခင် ဖြစ်သည်။ ကိုယ်တော်ကို သိကျွမ်းခြင်းမှာ ဘုန်းတော်၏ဘုရားသခင်ကို သိကျွမ်းခြင်းဖြစ်သည် - တ၊၇း၂။ ဟေဗြဲ၊၁း၃။

D. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းခြင်းရှိလေလေ၊ ကျွန်ုပ်တို့သည် အခြားသူများအပေါ် ထွန်းလင်းခြင်း ရှိလေလေဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ယေရှုခရစ်၏မျက်နှာ၌၊ တစ်နည်းအားဖြင့် ဘုရားသခင်ကို ထင်ရှားစေ၍ ထုတ်ဖော်ပြသသောအရှင် ခရစ်တော်ကို သိကျွမ်းခြင်း၌ ဘုရားသခင်၏ဘုန်းတော်ကို သိကျွမ်းခြင်း ရှိနိုင်မည်ဖြစ်သည်။

ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ပထမဦးစွာ ကျွန်ုပ်တို့အထဲသို့ ထွန်းလင်းပြီး၊ ထိုနောက် ကျွန်ုပ်တို့အတွင်းထဲမှ ထွန်းလင်းလာခြင်း ဖြစ်သည် - ယော၊၁း၁၈။ မ၊၅း၁၆။ ဖိ၊၂း၁၅။

## III. “သို့သော်လည်း သာလွန်ထူးမြတ်သော တန်ခိုးတော်သည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့် ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးများ၌ ထည့်ထားလျက် ငါတို့၌ ရှိ၏” - ၂ကော၊၄း၇။

A. ခရစ်တော်၏ဘုန်းတော်ဧဝံဂေလိတရား ထွန်းလင်းခြင်းမှတစ်ဆင့် သာလွန်ထူးမြတ်သော ဖိုးထိုက်ဘဏ္ဍာအဖြစ် ဘုန်းတော်၏ ခရစ်တော်သည် ယုံကြည်သူများအားဖြင့် လက်ခံရရှိခဲ့သည်။ ယခု သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားဖော်ပြခြင်းဖြစ်သော ခရစ်တော်၏ ထွန်းလင်းသော စစ်မှန်ခြင်းသည် ကျွန်ုပ်တို့အတွင်းရှိ ဖိုးထိုက်ဘဏ္ဍာဖြစ်သည် - အငယ်၊ ၆-၇။

1. ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ဘုရားသခင်၏ဝေငှဖြန့်ဖြူးခြင်းဖြစ်သော ဘုရားသခင်၏ ထွန်းလင်းခြင်းသည် ကျွန်ုပ်တို့အထဲသို့ ဖိုးထိုက်ဘဏ္ဍာတည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်၊ ကျွန်ုပ်တို့၏အသက်နှင့် အရာခပ်သိမ်းဖြစ်ရန် အသက်ပေးသော ဝိညာဉ်တော်အဖြစ် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သောအရှင်ကို ယူဆောင်လာသည် - အငယ်၊၄၊ ၆-၇။ ကော၊၂း၉။ ၃း၄၊ ၁၁။ ၁ကော၊၁၅း၄၅ခ။
2. ဤတန်ဖိုးဖြတ်မရသော ဖိုးထိုက်ဘဏ္ဍာဖြစ်သည့် ကိန်းဝပ်နေသော ခရစ်တော်သည် ခရစ်ယာန်အသက်တာအတွက် မစရာ၏ ဘုရားဆိုင်ရာအရင်းအမြစ် ဖြစ်သည် - ဖိ၊၄း၁၃။ ၂ကော၊၁၃း၅။ ၄း၇။

B. ဤတန်ဖိုးဖြတ်မရသော ဖိုးထိုက်ဘဏ္ဍာသည် မြေကြီးတန်ဆာများဖြစ်ကြသော ကျွန်ုပ်တို့ကို တန်ဖိုးဖြတ်မရသော အမှုတော်ဖြင့် ပဋိညာဉ်တရားသစ်၏ အမှုဆောင်များ ဖြစ်စေသည်။ ဤအရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာ တန်ခိုးတော်အားဖြင့် ဖြစ်သည်။ ဤတန်ခိုး၏ သာလွန်ထူးမြတ်ခြင်းသည် အမှန်ပင် ဘုရားသခင်နှင့်သာဆိုင်ပြီး၊ ကျွန်ုပ်တို့ထဲမှလာခြင်းမဟုတ်ပေ - ၃း၆။ ၁း၉။ ၄း၇။

C. ကျွန်ုပ်တို့၏ထွန်းလင်းခြင်းမှတစ်ဆင့် ဘုန်းတော်၏ဧဝံဂေလိတရားကို လက်ခံရရှိသောသူတို့သည် သူတို့အထဲသို့ ဝေငှဖြန့်ဖြူးခံရသော အဖိုးထိုက်တန်သည့် ဘဏ္ဍာအဖြစ် ခရစ်တော်ကို ရရှိကြလိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့ကဲ့သို့ပင် သူတို့သည်လည်း ဤတန်ဖိုးဖြတ်မရသော ဘဏ္ဍာကို ထည့်ဝင်ထားသည့် မြေကြီးတန်ဆာများ ဖြစ်ကြလိမ့်မည်ဖြစ်သည် - အငယ်၊၄၊ ၆-၇။

## IV. “ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက်၊ သခင်ဘုရား၏ ဘုန်းတော်ကို ကြည့်၍ ရောင်ပြန်ဟပ်သောမှန်ကဲ့သို့ ဖြစ်ကြ၏။ ငါတို့သည် သခင်ဘုရား ဝိညာဉ်တော်မှ ဘုန်းအသရေတိုးပွား၍ သဏ္ဌာန်တော်နှင့်အညီ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိရကြ၏” - ၃း၁၈။

A. သခင်ဘုရား၏ဘုန်းတော်ကို ကြည့်ရှုခြင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင် သခင်ဘုရားကို မြင်ခြင်း ဖြစ်သည်။ သခင်ဘုရား၏ဘုန်းတော်ကို ရောင်ပြန်ဟပ်ခြင်းမှာ ကျွန်ုပ်တို့မှတစ်ဆင့် ကိုယ်တော်ကို အခြားသူများအား မြင်နိုင်စေခြင်း ဖြစ်သည်။

B. သခင်ဘုရား၏ဘုန်းတော်သည် ရှင်ပြန်ထမြောက်ခဲ့သော၊ တက်ကြွခဲ့သော ခရစ်တော်၏ ဘုန်းတော်ဖြစ်ကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော အသက်ပေးသောဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်နှင့် ကိုယ်တော် ပြီးမြောက်ခဲ့သမျှ၊ ရရှိအောင်နိုင်ခဲ့သမျှ၊ ရယူခဲ့သမျှအားလုံးကို ကျွန်ုပ်တို့ထံ စစ်မှန်စေသော အရှင်ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်နိုင်မည်ဖြစ်ကာ၊ သခင်ဘုရားကဲ့သို့ တူညီသော သဏ္ဌာန်တော်အထဲသို့ ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိနိုင်မည်ဖြစ်သည်။ ဤနည်းဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကဲ့သို့ တူညီသောသူ ဖြစ်စေသည် - လု၊၂၄း၄၆။ ဟေဗြဲ၊၂း၉။ ၂ကော၊၃း၁၈။ ရော၊၈း၂၉။

C. ဤအရာသည် ရှင်ပြန်ထမြောက်ခြင်းတွင် အသက်၌ ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်သည် - ၂ကော၊၃း၁၈။

## V. “အထက်က သင်တို့သည် မှောင်မိုက်အတိ ဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏ သားများကဲ့သို့ လျှောက်လှမ်းကြလော့” - ဧ၊၅း၈။

A. ဘုရားသခင်သည် အလင်းဖြစ်တော်မူသည့်နည်းတူ ဘုရားသခင်၏သားများဖြစ်ကြသော ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြသည် - ၁ယော၊၁း၅။ ဧ၊၅း၈။ ယော၊၁၂း၃၆။

B. ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြရုံသာမက - ကျွန်ုပ်တို့သည် အလင်းကိုယ်တိုင် ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အလင်းဖြစ်ကြခြင်းမှာ ကျွန်ုပ်တို့သည် သခင်ဘုရား၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ကြသောကြောင့် ဖြစ်သည် - မ၊၅း၁၄။ ၁ယော၊၁း၅။

C. ကျွန်ုပ်တို့သည် အလင်း၌ရှိကြသောအခါ၊ ကျွန်ုပ်တို့သည် အမှန်နှင့် အမှား၏ နယ်ပယ် ပြင်ပ၌ ရှိကြသည် - အငယ်၊၇။

D. ကျွန်ုပ်တို့သည် အလင်း၏သားများအဖြစ် လျှောက်လှမ်းမည်ဆိုလျှင် ဖေက် ၅း၉ တွင် ဖော်ပြထားသည့် အသီးသီးခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

1. အလင်း၏အသီးသည် သဘောသဘာဝ၌ ကောင်းမြတ်ခြင်း၊ ဖြစ်စဉ်၌ ဖြောင့်မတ်ခြင်းနှင့် ထင်ရှားခြင်း၌ စစ်မှန်ခြင်း ရှိရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့နေ့စဉ်လျှောက်လှမ်းခြင်း၏ စစ်မှန်ခြင်းအဖြစ် ဘုရားသခင်သည် ထင်ရှားခြင်း ရှိရမည်ဖြစ်သည်။

2. ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သမ္မာတရား၌ ရှိသော အလင်း၏အသီးသည် သုံးပါးတစ်ပါးဘုရားနှင့် ဆက်နွှယ်နေသည်။

   a. ကောင်းမြတ်ခြင်းအဖြစ် ခမည်းတော်သည် အလင်း၏အသီး သဘောသဘာဝဖြစ်သည်။ ထို့ကြောင့် အပိုဒ်ငယ် ၉ ရှိ ကောင်းမြတ်ခြင်းသည် ခမည်းတော်ဘုရားသခင်ကို ရည်ညွှန်းသည် - မ၊၁၉း၁၇။

   b. ဖြောင့်မတ်ခြင်းသည် သားတော်ဘုရားကို ရည်ညွှန်းသည်၊ အကြောင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ ဖြောင့်မတ်သော ဖြစ်စဉ်အတိုင်း ဘုရားသခင်၏အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေရန် ကြွလာခဲ့သောကြောင့်ဖြစ်သည် - ရော၊၅း၁၇-၁၈၊ ၂၁။

   c. အလင်း၏အသီး ထင်ရှားခြင်းဖြစ်သည့် သမ္မာတရားသည် ဝိညာဉ်တော်ဘုရားသခင်ကို ရည်ညွှန်းသည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် စစ်မှန်ခြင်း၏ဝိညာဉ်တော် ဖြစ်သောကြောင့်ဖြစ်သည် -ယော၊၁၄း၁၇။ ၁၆း၁၃။

## VI. **“ကိုယ်တော်၏ မျက်နှာတော်ကို မြင်ရ၍၊ ... သခင်ဘုရား ဘုရားသခင်သည် သူတို့အပေါ်တွင် ရောင်ခြည်တော်ကို လွှတ်တော်မူလိမ့်မည်” - ဗျာ၊၂၂း၄က၊ ၅ခ။**

A. ဘုရားသခင်နှင့် သိုးသငယ်၏မျက်နှာတော်ကို မြင်ခြင်းမှာ ထာဝရကာလပတ်လုံး ဘုရားသခင့်ရွေးနုတ်ခံများအားဖြင့် မွေ့လျော်ဝမ်းမြောက်ရသည့် သုံးပါးတစ်ပါးဘုရား၏ ကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်ဖြစ်သည် - အငယ်၊၄က။

B. သိုးသငယ်၌ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အပေါ် ထွန်းလင်းလိမ့်မည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းထင်ရှားသော ရောင်ခြည်ထွန်းလင်းခြင်းအောက်မှာ အစဉ်အမြဲ အသက်ရှင်ရကြလိမ့်မည်ဖြစ်သည် - အငယ်၊၅ခ။ ၂၁း၂၃။

© 2024 Living Stream Ministry